# ပထမအကြိမ်ချင်းအမျိုးသားညီလာခံ၏ ထုတ်ပြန်ကြေညာချက်

၁။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးသာမက ချင်းတမျိုးသားလုံး သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကို ဦးတည်သော ပထမအကြိမ်ချင်းအမျိုးသားညီလာခံကြီးကို သက္ကရာဇ် ၂၀၀၆ မေလ (၈) မှ (၁၁) ရက် အထိ ဆိုင်းနိုင်းတောင်စခန်း (Camp Mt. Sinai) တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ထိုညီလာခံကြီးသို့ ချင်းအမျိုးသားနိုင်ငံရေးပါတီကြီး (၄) ခု မှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ ကျောင်းသားနှင့်လူငယ်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အခြားလူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တတ်သိပညာရှင်များအပါအဝင် ကိုယ်စားလှယ်ပေါင်း(၁၀၉ ) ဦး တက်ရောက်ခဲ့ပါသည်။

၂။ ယင်းချင်းအမျိုးသားညီလာခံသည် လက်ရှိမြန်မာ့နိုင်ငံရေးနှင့်ကမ္ဘာ့နိုင်ငံရေးသုံးသပ်ချက်များပြုလုပ်ခြင်းနှင့် မိမိတို့ ချင်းအမျိုးသားပြည်သူများ၏ အထွေထွေပြဿနာရပ်များ သုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ကြပါသည်။ ထို့အပြင် ပြည်နယ်များ အခြေခံသော တိုင်းရင်းသားလူမျိုးများကောင်စီခိုင်မာစွာ ဖွဲ့စည်းနိုင်ရေးနှင့် သုံးပွင့်ဆိုင်ဆွေးနွေးခြင်းဖြင့် မြန်မာ့နိုင်ငံရေးအကြပ်အတည်းများ ပြေလည်စေရေးများဆွေးနွေးကြပါသည်။

၃။ ယခုကျင်းပသော ပထမအကြိမ်ချင်းအမျိုးသားညီလာခံကြီးသည် သက္ကရာဇ် ၂၀၀၄ခုနှစ်၊ ဧပြီလတွင် ဝိတိုရိယစခန်း၌ ကျင်းပခဲ့သော Chin Consensus Building မှ သဘောတူညီချက်အရ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤညီလာခံကြီးမှ ဝိတိုရိယသဘောတူညီချက်ကို ထပ်လောင်းအတည်ပြုလိုက်ပါသည်။ ဤညီလာခံကြီး၏ နိုင်ငံရေးရည်မှန်းချက်များမှာ ဝိတိုရိယသဘော တူညီချက်အတိုင်း လွတ်လပ်၍ တန်းတူညီမျှသော လူ့ဘောင်သစ် တည်ဆောက်ရန်အတွက် –

- – စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး
- – အမျိုးသားလွတ်မြောက်ရေးနှင့် ကိုယ်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ပြန်လည်ရရှိရေး
- – စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး
- – ချင်းအမျိုးသားများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး
- – ချင်းအမျိုးသားအားလုံး သွေးစည်းညီညွတ်ရေး – တို့ပင်ဖြစ်ပါသည်။

၄။ ချင်းတမျိုးသားလုံးသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ရန် ချင်းနိုင်ငံရေးပါတီလေးပါတီကို မဏ္ဍိုင်ပြု၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်နှင့်ကျောင်းသားအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် တတ်သိပညာရှင်များ စုပေါင်းပါဝင်သည့် 'ချင်းအမျိုးသားကောင်စီ (Chin National Council)' ကို ဤညီလာခံမှ တညီတညွတ်တည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၅။ ချင်းအမျိုးသားကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မီတီနှင့် လုပ်ငန်းကော်မီတီ (၆)ခုကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်။

(က) ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင်များ

– သဘာပတိအဖွဲ့

၁။ ပူး သောင်ဒိုကျင့် (အလှည့်ကျ ဥက္ကဋ္ဌ)
၂။ ပူး ဆလိုင်းကျင်ဇ
၃။ ပူး လျန်မှုန်းဆာခေါင်း
၄။ ပူး သောမတ်(စ) ထန်နိုး

– အတွင်းရေးမှူးအဖွဲ့

| | |
|---|---|
| ၁။ အထွေထွေအတွင်းရေးမှူးချုပ် | ပူး ဇင်ကျုံး |
| ၂။ တွဲဖက်အတွင်းရေးမှူး | ဆလိုင်း ဗန်လျန်ထန်း |
| ၃။ တွဲဖက်အတွင်းရေးမှူး | ပူး ထန်လဲန်းပီယံ |

၄။ တွဲဖက်အတွင်းရေးမှူး ပီး လားလ်မှားငိုက်ဇွာလ်အီး (သဲအီး)

– လုပ်ငန်းကော်မီတီများ၊

(၁) နိုင်ငံတကာရေးရာကော်မီတီ
(၂) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးကော်မီတီ
(၃) လူမှုရေးရာကော်မီတီ
(၄) အမျိုးသမီးရေးရာကော်မီတီ
(၅) ကျောင်းသားနှင့်လူငယ်ရေးရာကော်မီတီ
(၆) ဖက်ဒရယ်နှင့်အခြေခံဥပဒေရေးရာကော်မီတီ

(ခ) အကြံပေးပုဂ္ဂိုလ်များ
(၁) ပူး လျန်အုပ် (MP)
(၂) ပူး ထန်လျန်းပေါင် (MP)
(၃) ပူး ဇလေ့ထန်း (MP)

၆။ ဤညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေးအတွက် ချင်းလူမျိုးများ၏ ရှည်လျားလှသောသမိုင်းကြောင်းတွင် တမျိုးသားလုံးသွေးစည်းညီညွတ်ရေးကို မကြုံစဖူးမှတ်ကျောက်တင်ဖော်ဆောင်နိုင်ခြင်းပင်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာလိုက်ပါသည်။

ပထမအကြိမ်ချင်းအမျိုးသားညီလာခံ
**Camp Mount Sinai**
ခရစ်သက္ကရာဇ် –၂၀၀၆ခုနှစ်၊ မေလ (၁၁) ရက်နေ့၊

**Media Contact:**
**1. Pu Thomas Thang Nou**
**email - pacc_chin@yahoo.com**
**Phone - + 91 389 2342164**

**2. Dr. Lian H. Sakhong**
**email - liansakhong@hotmail.com**
**phone - + 66-10296100**

**3. Pu Steven Suan Mang**
**Email - suanmang@yahoo.co.in**
**Phone - 91-11-9891695120**